**ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်**
Yangon Protestant Reformed Church
**တနင်္ဂနွေစာစောင်၊ နံပတ် (၅၄)**

**နေ့စွဲ – ၂၁. ၁၁. ၁၀**

## ဘုရားသခင်၏ခြွင်းချက်မရှိသောအမိန့်တော်များအကြောင်း
(God's Unconditional Decrees)

**ဘုရားသခင်အမိန့်တော်များအကြောင်း ပြောဆိုကြသောအခါ၊ အထူးသဖြင့် ကြိုတင်ခွဲခန့်မှတ်သားတော်မူခြင်းအကြောင်းကို ပြောဆိုကြသည့်အခါ၊ ရွေးကောက်တော်မူခြင်း၊ ငြင်းပယ်တော်မူခြင်းတို့ပါဝင်နေသော သူ၏အမိန့်တော်များသည် ခြွင်းချက်မရှိသောအမိန့်တော်များဖြစ်ကြပါသည်။ ထိုသို့ သိမြင်ခြင်းသည် အရေးကြီးပါသည်။ ကဲလ်ဗင်းဩဝါဒအချက်(၅)ချက်တွင် ဒုတိယအချက်သည်"ခြွင်းချက်မရှိသောရွေးကောက်ခြင်း"ဖြစ်ပါသည်။**

**ဘာကိုဆိုလိုပါသနည်း?**

**ဆိုလိုသည်မှာ ဘုရားသခင်က အမိန့်တော်များကို ချမှတ်သည့်အခါ၊ ဖန်ဆင်းခံတဦးကိုမျှ မှီခိုခြင်း မရှိဟု ပြောခြင်းဖြစ်သည်။ သူ၏အလိုတော်သည် အရေးကြီးဆုံးဖြစ်သည်၊ လူ၏အလိုဆန္ဒမဟုတ်ပါ။ ဘုရားသခင်၏ အမိန့်တော်များသည် သူ၏အလိုတော်များဖြစ်သည်ဟု ကျွန်တော်တို့ ပြောခဲ့ပြီးဖြစ်သည်။ သူ၏အလိုတော်သည် ဖြစ်သမျှ/ရှိသမျှအရာတိုင်းနှင့်ပတ်သက်၍ သူချမှတ်သော ဆုံးဖြတ်တော်မူချက်များဖြစ်ကြပါသည်။ ထို့ကြောင့် ဘုရားသခင်၏အမိန့်တော်များသည် ခြွင်းချက်မရှိဖြစ်ကြသည်ဟုပြောသည့်အခါ၊ ဆိုလိုသည်မှာ သူ၏ဆုံးဖြတ်တော်မူချက်များသည် လူများ၊ ကောင်းကင်တမန်များ၏ ဆုံးဖြတ်ချက်များထက် အရင်ကျပါသည်ဟု ပြောနေခြင်းဖြစ်ပါသည်။ ဘုရားသခင်သည် လူ၏ဆုံးဖြတ်ချက် ချခြင်းကို စောင့်မနေပါ။**

**ဘုရားသခင့်အမိန့်တော်များသည် ခြွင်းချက်မရှိဖြစ်ကြသည်ဟု ပြောသည့်အခါ၊ ဆိုလိုသည်မှာ အရာခပ်သိမ်းအတွက် ဆုံးဖြတ်ချက်ချတော်မူသည့်အခါ၊ ဘုရားသခင်သည် လူတို့ကပြုသောဆုံးဖြတ်ချက်ချခြင်းများကို စောင့်မနေပါဟု အထူးပြုပြောနေခြင်းဖြစ်သည်။ ရိုးရိုးကလေးပြောရလျှင်၊ လူ၏ဆုံးဖြတ်ခြင်းသည် ဘုရားသခင်၏ဆုံးဖြတ်ချက် ချခြင်းအတွက် အကြောင်းအရင်းမဟုတ်ပါ၊ သို့သော် ဘုရားသခင်၏ဆုံးဖြတ်တော်မူခြင်းသည် လူ၏ဆုံးဖြတ်ချက်အတွက် အကြောင်းအရင်းဖြစ်ပါသည်။ ထိုသို့မဟုတ်လျှင် ဘုရားသည် အစိုးရသူ မဖြစ်တော့ဘဲ၊ လူသည် အစိုးရသူဖြစ်လာပါမည်။ ဘုရားသခင်၏အလိုတော်သည် အကြီးမြတ်ဆုံး မဟုတ်တော့ဘဲ၊ လူ၏အလိုဆန္ဒသည်သာ အကြီးမြတ်ဆုံး ဖြစ်လာပါမည်။**

**ဘုရားသခင်၏ ခြွင်းချက်မရှိသောအမိန့်တော်များကို လူသည်လွတ်လပ်သည်ဟု ယုံသူများက ငြင်းပယ်ကြပါသည်။ ထိုသူတို့က ကယ်တင်ခြင်းတွင် လူ၏ဆုံးဖြတ်ချက်သာ အရေးကြီးသည်၊ ဘုရားသခင့်ဆုံးဖြတ်ခြင်းသည် ဘာမှအရေးမကြီးပါဟု အခိုင်အမာပြောကြသည်။ သူတို့က လူသားကမဆုံးဖြတ်သေးခင် ဘုရားသခင်သည် ဘာမှမလုပ်နိုင်ပါ၊ ဘာမှလဲ မလုပ်ပါဟု ပြောကြသည်။ လူက သခင်ခရစ်တော်ကို ယုံမည် မယုံမည်၊ ဧဝံဂေလိတရားကို ယုံမည် မယုံမည် မဆုံးဖြတ်ခင် ဘုရားက ဘာမှမလုပ်နိုင်ဟု ပြောကြသည်။ ထိုသို့ပြောခြင်းသည် ဘုရားသခင်၏အစိုးရတော်မူခြင်းကို အရှက်ကင်းစွာ ငြင်းပယ်ခြင်းဖြစ်သည်။ ထိုဩဝါဒ နှင့် မည်သို့မျှ မိတ်ဆွေဖြစ်နိုင်မည် မဟုတ်ပါ။ ထိုသို့ပြောခြင်းက ဘုရားသခင်ကို – အသက်ရှင်တော်မူ သော ဘုရားသခင်ကို – သူ၏ဖန်ဆင်းခံသတ္တဝါတို့အပေါ် မှီခိုသူ ဖြစ်စေပါသည်။**

**ထိုအခါ ရွေးကောက်တော်မူခြင်းသည် ဘုရားသခင်၏ တုန့်ပြန်ပြုမူမှုတခုသာ ဖြစ်လာပါသည်။ လူသား၏ အချိန်ကာလအတွင်း ဆုံးဖြတ်မှုအပေါ် တုန့်ပြန်ခြင်းသာ ဖြစ်လာပါသည်။ ဤမှားယွင်းသော သွန်သင်ချက်က ဘုရားသခင်သည် သူ့ကို ပထမ ရွေးချယ်သူများကိုသာ ရွေးကောက်သည်၊ သူ့ကို ပထမ ချစ်သူများကိုသာ ချစ်သည်ဟု ပြောခြင်းဖြစ်သည်။ ထိုသို့ပြောခြင်းသည် ကျမ်းစာကို ဆန့်ကျင်ယုံမှုသာမကပါ၊ ကျမ်းစာက ဘုရားသခင် ကျွန်တော်တို့ကို ပထမ ချစ်သောကြောင့် ကျွန်တော်တို့က ပြန်ချစ်သည်ဟု ပြောပါ**

သည်၊ ရွေးကောက်တော်မူခြင်းသည် ထာဝရဖြစ်သည်၊ ခြွင်းချက်မဲ့ဖြစ်သည် ဆိုသောအချက်များလည်းကို ငြင်းပယ်နေပါသည်၊ ဘုရားသခင်၏ အစိုးရတော်မူသောရွေးကောက်ခြင်းကိုလည်း ငြင်းပယ်ပါသည်။ ထိုသွန်သင်မှုအရဆိုလျှင် ဘုရားသခင်သည်၊ အခြားသောမယုံကြည်သူတို့၏ ဘုရားများနှင့် အနည်းငယ်သာကွာခြားမည်ဖြစ်သည်။ သူတို့အား ပြုလုပ်သူများနှင့် အတူတူဖြစ်ကြသည်၊ လူတို့နှင့်လူတို့၏ပြုမူခြင်းတို့ကိုသာ တုန့်ပြန်နိုင်ကြသော ဘုရားများဖြစ်ကြသည်။

အခြားသောသူတို့ကလည်း ဘုရားသခင်၏ရွေးကောက်တော်မူခြင်းသည် ထာဝရဖြစ်သည်ကို သိကြသဖြင့်၊ သူ၏ကြိုတင်သိတော်မူခြင်းကို အထူးပြုကြပြန်သည်။ သူတို့က ဘုရားသခင်သည် ကြိုတင်ကြည့်တော်မူပြီး၊ မည်သူတို့က ယုံကြည်မည်ဆိုသည်ကို ကြိုတွေ့သည်၊ ကြိုသိသည်၊ ထိုသူတို့ကို သူတို့ဘာလုပ်မည်ဆိုသည့်အပေါ် မူတည်၍ ရွေးချယ်သည်ဟု ပြောကြပြန်သည်။ ထိုသို့သော ရွေးကောက်ခြင်းကလည်း ဘုရားသခင်ကို လူသားအပေါ် မှီခိုစေပြန်ပါသည်၊ ဗေဒင်ဆရာထက် အနည်းငယ်သာပိုပါမည်။

ကျမ်းစာက ဘုရားသခင်၏အမိန့်တော်များသည် ခြွင်းချက်မဲ့ဖြစ်သည်ဟု သင်ပါသည်။ ရောမ ၉း၁၅၊ ၁၆က ဘုရားသခင်သည် သူသနားချင်သူကို သနားသည်ဟု ပြောပါသည်။ သူ၏ဂရုဏာကို လက်ခံသူတို့အပေါ်၌ မဟုတ်ပါ၊ ထို့ကြောင့် ကယ်တင်ခြင်းသည် "အလိုဆန္ဒရှိသူ(ရွေးချယ်သူ)က တတ်နိုင်သည်မဟုတ်၊ ပြေးသောသူ(အလုပ်လုပ်သူ)ကလည်း တတ်နိုင်သည် မဟုတ်ပါ။" ဖေက် ၁း၅က ဘုရားသခင်သည် သူ့လူများကို သူ၏စိတ်ကြိုက်တွေ့ခြင်းအပေါ်သာ မူတည်မှီ၍ ရွေးချယ်သည်ဟု ပြောပါသည်၊ ရိုးရိုးကလေးပြောရလျှင် ဘုရားသခင်က သူတို့ကို လိုချင်၍ရွေးခြင်းဖြစ်သည်၊ သူတို့က ဘုရားသခင်ကို လိုချင်၍ အရွေးခံရသည် မဟုတ်ပါ။

ဘုရားသခင်၏အမိန့်တော်များ၏ အစိုးရတော်မူခြင်း၊ ခြွင်းချက်မဲ့ဖြစ်တော်မူခြင်း၊ ပြောင်းလဲ ပျက်ဆီးလွယ်သော ကျွန်တော်တို့၏ဆန္ဒများအပေါ် တည်မနေခြင်းတို့အပေါ် ကျွန်တော်တို့ မည်မျှ ကျေးဇူးတင်သင့်ပါသနည်း?

## ဘုရားသခင်၏ပညာရှိလှသောအမိန့်တော်များအကြောင်း
## (God's Wise Decrees)

ဘုရားသခင်၏ ပညာရှိတော်မူခြင်းကို ကျမ်းစာက ရှင်းနေအောင်သင်ပေးပါသည်။ သို့သော် ဘုရားသခင့်လူအများက မေ့နေတတ်ကြပါသည်။ အထူးသဖြင့် အဆင်မပြေမှုများကြုံတွေ့ကြရသည့်အခါ၊ ဝေဒနာများကို ခံစားကြရသည့်အခါများတွင်ဖြစ်ပါသည်။ ထိုအချိန်များတွင် ဘုရားသခင်သည် ပညာရှိတော်မူသည်ဆိုသည်ကို ယုံဖို့ခက်ပါသည်၊ သို့သော် မမြင်ဘဲနှင့်လည်း ယုံကြည်ရပါမည်။

ဉာဏ်ပညာတော်ဖြင့် ဘုရားသခင်သည် အရာခပ်သိမ်းကို အမိန့်တော်ချမှတ်ပါသည်။ ထို့အတွက်ကြောင့် အရာခပ်သိမ်းသည် အတူတကွ လုပ်ဆောင်နေကြခြင်းဖြစ်သည်။ ၎င်းတို့သည် ဖြစ်ချင်သလို ဖြစ်နေကြခြင်း မဟုတ်ပါ။ အခြားအရာများအပေါ် တည်မှီခြင်းမရှိဘဲ ဖြစ်နေခြင်းမျိုး မဟုတ်ပါ။ အားလုံးအတူတကွ ဆက်နွယ်လျက် ဖြစ်ပျက်နေကြပါသည်။ ချောဆီအပြည့်ထည့်ထားသော စက်တခုသဖွယ် ကိုက်ညီစွာ စနစ်တကျ လှုပ်ရှားနေကြသည်။

ထိုသို့ဖြစ်ကြရခြင်းမှာ ဘုရားသခင် ပညာရှိ၍ဖြစ်သည်။ အရာခပ်သိမ်းသည် သူရည်ရွယ်ထားသလို မည်ကဲ့သို့ ဟန်ချက်ညီစွာ ဖြစ်ပျက်ကြရမည်ကို သိတော်မူပါသည်။

ထိုသို့ပင်ဖြစ်ကြရပါမည်။ အဘယ်ကြောင့်ဆိုသော် အရာခပ်သိမ်းက ဘုရားသခင်၏ လှပခန်းနားခြင်း၊ ဂုဏ်ကျက်သရေရှိခြင်းတို့ကို အမှုဆောင်ကြရမည်ဖြစ်သည်။ ဤအချက်သည် ဘုရားသခင်၏ မြင့်မားလှသော ကိုယ်ပိုင်ရည်ရွယ်တော်မူချက်ဖြစ်သည်။

ထိုရည်ရွယ်ချက်ထဲတွင် ကျွန်တော်တို့၏ ကယ်တင်ခြင်း ပါဝင်နေသည်။ အဘယ်ကြောင့်ဆိုသော် သူ၏လူများကိုကယ်တင်ခြင်း ဆိုသည့် ကျေးဇူးတော်၏ဖွင့်ပြတော်မူခြင်းတွင် ဘုရားသခင်၏ လှပခန်းနားခြင်း၊ ဂုဏ်ကျက်သရေရှိခြင်းတို့ကို အင်မတန်ပေါ်လွင်စေသော အကြောင်းအရာအချို့တို့ ပါဝင်နေသော

ကြောင့်ဖြစ်သည်။ ထိုသို့ဖြင့် ဘုရားသခင်၏ဉာဏ်ပညာတော်ကြောင့် အရာခပ်သိမ်းသည် ရွေးကောက်ထားသောယုံကြည်သူတို့အတွက် ကောင်းမြတ်ခြင်းကိုသာ လုပ်ဆောင်ပေးကြသည် (ရောမ ၈း၂၈)။

ထိုအချက်သည် ဒုက္ခဝေဒနာ၊ အခက်အခဲပြဿနာများခံစားနေကြရချိန်တွင် ယုံကြည်ရမည့်အရာဖြစ်သည်။ ကျွန်တော်တို့သည် အရာခပ်သိမ်းတွင် ရည်ရွယ်တော်မူချက်ရှိကြောင်းကိုသာမကပါ၊ ပုံမှန်အားဖြင့် ကျွန်တော်တို့နားမလည်နိုင်သော်လည်း၊ ထိုရည်ရွယ်ချက်သည် ပညာရှိကြောင်း၊ ကောင်းမြတ်ကြောင်းကိုလည်း သိကြရပါမည်။

ထိုအမှန်တရားကိုယုံကြည်လျှင် ကျွန်တော်တို့သည် ညည်းညူနေကြတော့မည်မဟုတ်ပါ၊ (သို့) ကြောက်ရွံ့နေကြမည် မဟုတ်ပါ၊ ကျွန်တော်တို့ထံ ဖြစ်လာသောအရာတို့အတွက် စိတ်ပူပန်သောကရောက်လျှက် စိတ်ဓါတ်ကျနေကြတော့မည်မဟုတ်ပါ။ ကျွန်တော်တို့၏ဘုရားသခင်သည် ပညာရှိပါသည်။ ကျွန်တော်တို့အတွက် ကောင်းမြတ်ခြင်းကို ကျွန်တော်တို့ထက် အလွန်သိတော်မူပါသည်။ ကျွန်တော်တို့ ကယ်တင်ခြင်းရရန် ဘာလိုသည်ကို သိတော်မူပါသည်။ ယုံကြည်ခြင်းဖြင့် ဘုရားသခင်၏ဉာဏ်ပညာတော်ကို အမှန်တကယ်သိကြသည်ဆိုလျှင်၊ အဆုံးသတ်တွင် ကျွန်တော်တို့ထံ ဖြစ်ပျက်လာကြသောအကြောင်းအရာများအတွက်၊ ပြဿနာများပင်ဖြစ်ပါစေ၊ ကျေးဇူးတင်ကြမည်သာဖြစ်သည်။ ထိုအခါ ကျွန်တော်တို့သည် ဘာကာတောင်ကြားကိုပင် – ခြောက်သွေ့နေသောကန္တာရလွင်ပြင် – ကျေးဇူးတော်နှင့် အသက်ရှင်သောရေတွင်းတို့နှင့် ပြည့်နေသောနေရာဟု မြင်လာနိုင်ပါမည် (ဆာလံ ၈၄း၆)။

ဆာလံ ၁၃၁ ကို သီချင်းအဖြစ် စပ်ဆိုထားသော ဆာလံသီချင်းကို၊ “ဘုရားသခင့်ဉာဏ်ပညာတော်အားသိခြင်းသည် ငြိမ်းချမ်းမှုဖြစ်သည်”ဟု ခေါင်းစဉ်တပ်ထားပါသည်။

ကျွန်ုပ်နှလုံးသည် မမောက်မာပါ၊
ကျွန်ုပ်၏မာနသည် မမြင့်မားပါ၊
ဘုရားသခင့်ဉာဏ်ပညာတော်က ငြင်းဆိုသည်များကို
သိနိုင်ဖို့ ကျွန်ုပ်မကြိုးစားပါ။
ကလေးငယ်ကဲ့သို့သောကိုးစားမှုဖြင့်၊ အိုး သခင်၊
ကိုယ့်တော့်ထံတွင် ကျွန်ုပ်သည် တည်ငြိမ်စွာနားခိုပါသည်၊
မိခင်နို့ချို့သောက်သုံးနေသော
ကလေးငယ်ကဲ့သို့ ကျေနပ်ရောင့်ရဲစွာရှိပါသည်။
ဘုရားသခင့်လူများတို့
သူ့ကိုသာကိုးစားကြပါ၊
ယခုချိန်မှထာဝရသို့တိုင်
သူ၏ပညာတော်သည် သင်တို့၏လမ်းညွှန်ဖြစ်သည်။

## ဘုရားသခင်၏အလိုတော်အကြောင်း (The Will of God)

တခါတရံ ကျမ်းစာက ဘုရားသခင့်အမိန့်တော်များကို သူ၏အလိုတော်ဟု ပြောလေ့ရှိပါသည်။ ထိုစကားလုံးက ဘုရားသခင်၏အမိန့်တော်များသည် ကောင်းကင်ဘုံထောင့်တခုတွင် သိမ်းထားသော သေနေသည့်စီမံကိန်းများမဟုတ်၊ ဘုရားသခင်၏ လက်ရှိစိတ်ကူးများဖြစ်ကြောင်း ရှင်းနေစေပါသည်။ သူ၏အမိန့်တော်များအကြောင်းပြောဆိုကြသည့်အခါ၊ သူ့အကြောင်းကို ပြောဆိုနေကြခြင်းဖြစ်ပါသည်။

ထိုအချက်သည် အလွန်တရာအရေးကြီးပါသည်။ ဘုရားသခင်၏အမိန့်တော်များက ဘုရားသခင်၏ ဂုဏ်လက္ခဏာတော်များအားလုံးကို ဖေါ်ပြနေပါသည်ဟု ပြောရာရောက်သောကြောင့်ဖြစ်ပါသည်။ ဘုရားသခင်၏အမိန့်တော်များသည် ဘုရားသခင်ကဲ့သို့ပင် ထာဝရ ဖြစ်ပါသည်။ ပြောင်းလဲခြင်းမရှိ ဖြစ်ပါသည်။ ပြည့်စုံလျှက်၊ အစိုးရတော်မူစွာ လွတ်လပ်ပါသည်။

ဤအမှန်တရားကို အထူးပြုဖေါ်ပြရန် အရေးကြီးပါသည်။ အဘယ်ကြောင့်ဆိုသော် လူအများက ဘုရားသခင်သည် လူသားတယောက်မကျန်ကို ကယ်တင်ခြင်းရရန် အလိုတော်ရှိသည်ဟု သင်ပေးနေကြ၍ဖြစ်

သည်။ သို့သော် သူတို့၏ကယ်တင်ခြင်းသည် သူတို့၏ရွေးချယ်မှုအပေါ်တွင် တည်မှီပါသည်ဟု ပြောကြသည်၊ ထိုအခါ ဘုရားသခင်၏အလိုတော်သည် အစိုးရတော်မူခြင်း မဖြစ်နိုင်တော့ပါ။

အခြားသူတို့က ဘုရားသခင့်ထံတွင် အလိုတော်(၂)မျိုးရှိသည်ဟု သင်ကြပြန်ပါသည်။ ပထမအလိုတော်သည် ထာဝရဖြစ်သည်၊ မပြောင်းလဲနိုင် ဖြစ်သည်၊ အစိုးရတော်မူသည် (ခုခံတားဆီး၍မရ)။ ဒုတိယအလိုတော်မှာ ပြောင်းလဲနိုင်သည်၊ ခုခံတားဆီး၍ရသည်၊ ကာလ(အချိန်)ထဲတွင်ဖြစ်သည်၊ ပထမအလိုတော်ကို ဆန့်ကျင်နေသည်ဟု ပြောကြသည်။ ထိုသူတို့က ဘုရားသခင်သည် ထာဝရကာလတွင် လူတချို့ကိုသခင်ယေရှုခရစ်တော်အားဖြင့် ကယ်တင်ခြင်းရရန် ရွေးကောက်တော်မူသည်၊ ဆိုလိုသည်မှာ သူတို့၏ကယ်တင်ခြင်းကို အလိုတော်ရှိသည်၊ သို့သော် ဘုရားသခင်သည် လူသားတိုင်းတယောက်မကျန် ကယ်တင်ခြင်းရရန်လဲ အလိုတော်ရှိသည်၊ အဘယ်ကြောင့်ဆိုသော် ဧဝံဂေလိတရားကို လူတိုင်းထံသို့ ဟောကြားဖို့ရန်အလိုတော်ရှိသဖြင့် လူတိုင်းကယ်တင်ခြင်းရရန် အလိုတော်ရှိကြောင်း ပြနေသည်ဟု ထိုသူတို့က ပြောသည်။

ထိုသူတို့ပြောသည့်အတိုင်းဆိုလျှင် ဘုရားသခင်သည် (ဧဝံဂေလိဟောခြင်းတွင်) လူတိုင်းကယ်တင်ခြင်းရရန် အလိုတော်ရှိသည်၊ သို့သော် ဘုရားသခင်သည် (ကြိုတင်ခွဲခန့်မှတ်သားခြင်းတွင်) လူတချို့တို့ကယ်တင်ခြင်းရရန်သာ အလိုရှိသည်ဟု ပြောရတော့မည်ဖြစ်သည်။ မည်သို့ပင်ဖြစ်ပါစေ၊ ဘုရားသခင်၏ ဧဝံဂေလိဟောခြင်း၌ လူတိုင်းကို ကယ်တင်ခြင်းရစေလိုသော ဆန္ဒသည် ဘယ်တော့မှ အကောင်အထည်မပေါ်ခဲ့ပါ။ ထိုဆန္ဒသည် ယခုအချိန်၊ ယခုကာလအတွက်သာဖြစ်သည်၊ ထာဝရကာလအတွက် မဟုတ်နိုင်၊ ဘယ်တော့မှဖြစ်မလာ၊ မပြည့်စုံ ဖြစ်နေပါမည်။

ထိုသွန်သင်ခြင်းကို ကျွန်တော်တို့ ငြင်းပယ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်၏အလိုတော်သည်၊ မပြည့်စုံနိုင်၊ ဖြစ်မလာနိုင်၊ ပြောင်းလဲနိုင်သည်၊ ခုခံတားဆီး၍ရသည် (အစိုးရတော်မူခြင်းမရှိ)၊ ယခုဘဝအတွက်သာဖြစ်သည်ဟုပြောသဖြင့်၊ ဘုရားသခင်သည် ထိုသို့သောသူဖြစ်သည်ဟု ဆိုရာလည်းရောက် နေသောကြောင့် လက်မခံနိုင်ခြင်းဖြစ်ပါသည်။ ထိုသွန်သင်ခြင်းက ဘုရားသခင်၏အထဲတွင် တခုနှင့်တခုဆန့် ကျင်နေခြင်း(မပြည့်စုံခြင်း)ရှိသည်ဟု ပြော၍ဖြစ်သည်။ ထိုသွန်သင်ခြင်းက ဘုရားသခင်သည် တဆူတည်းမ ဟုတ်၊ နှစ်ဆူဖြစ်သည်၊ ထို့ကြောင့် အလိုတော်(၂)မျိုးရှိနေခြင်းဖြစ်သည်ဟု သွန်သင်ရာလည်း ရောက်နေပါ သည်။ ထိုသို့ပြောခြင်းအားလုံးက ဘုရားသခင်သည် ဘုရားသခင်မစစ်ပါဟု ငြင်းနေခြင်းသာဖြစ်သည်။

ကျမ်းစာကပြောပြသည်မှာ ဘုရားသခင့်ထံတွင် စိတ်သဘော တခုသာရှိသည်ဟူ၍ဖြစ်သည်။ သူ့အလိုရှိသည်မှန်သမျှကို ပြည့်စုံစေပါသည် ဆာလံ ၁၁၅း၃၊ ၁၃၅း၅၆။ ထိုကျမ်းပိုဒ်နှစ်ပိုဒ်လုံးက ရုပ်တုကိုးကွယ်ခြင်းအကြောင်းကိုပြောပြထားသည်။ ဘုရားသခင်က သူ့အလိုရှိသောအရာတို့ကို မလုပ်ပါဟုပြောခြင်းသည်၊ သူ၏ အလိုတော်များ မပြည့်စုံနိုင်၊ ဖြစ်မလာနိုင်ဟုပြောခြင်းသည်၊ သူသည် ဘုရားမဟုတ်ပါဟု ပြောသည်နှင့်အတူတူပင်ဖြစ်သည်။ ထို့ကြောင့် ရုပ်တုကိုးကွယ်ခြင်းသာဖြစ်သည်။

သင် ဘာကိုယုံကြည်ပါသနည်း? လူနှင့်ကယ်တင်ခြင်းတို့အတွက် ဘုရားထံတွင် စိတ်နှစ်မျိုးရှိသည်ဟု သင်ပြောပါသလား? ဘုရားသခင်၏အလိုဆန္ဒသည် သင့်အလိုဆန္ဒလောက်ပင်စွမ်းအားမရှိပါ၊ ထို့ကြောင့် သူ့အလိုဆန္ဒရှိသည်တို့ကို ကမောက်ကမ ဖြစ်အောင် လုပ်လို့ရပါသည်ဟု သင်ပြောရဲပါသလား?

ကျမ်းစာကပြောသလို "ငါတို့၏ ဘုရားသခင်သည် ကောင်းကင်အထပ်ထပ်၌ရှိနေတော်မူ၏၊ သူသည် သူ့သဘောကျသည်မှန်သမျှကို ပြုနေတော်မူပါသည်"ဟုယုံကြည်ခြင်းသည် ပို၍ နှစ်သိမ့်စရာကောင်းသည်မဟုတ်ပါလား? မည်သို့ပင်ပြောနေပါစေ သူသည် ဘုရားသခင်ဖြစ်တော်မူပါသည်။

(Doctrine According to Godliness, Rev. Ronald Hanko၏စာအုပ်မှ ဘာသာပြန်ပါသည်)

++++++++++++++++++++++++++++++++++++++++++++++++++++++++

## ဗျာဒိတ်ကျမ်းကိုဖွင့်ဟကြည့်ခြင်း (၁၅)

ဖေး၁–၈

၁ – သိုးသငယ်သည် တံဆိပ်ခုနှစ်ချက်တွင် တချက်ကို ဖွင့်သောအခါ ငါကြည့်လျှင်၊ မိုးကြိုးသံမြည်သကဲ့သို့ သတ္တဝါလေးပါးတွင် တပါး က၊ လာ၍ကြည့်လော့ဟု ဆိုသည်ကို ငါကြား၏။ ၂ – ထိုအခါ ငါကြည့်လျှင်၊

မြင်းဖြူတစီးရှိ၏။ မြင်းစီးသောသူသည် လေးကိုကိုင်၏။ သူ့ ၌သရဖူကို ပေးတော်မူ၏။ အောင်မြင်လျက်၎င်း၊ အောင်မြင်ခြင်းငှာ၎င်း ထွက်သွား၏။ ၃ – ဒုတိယတံဆိပ်ကို ဖွင့်သောအခါ၊ ဒုတိယ သတ္တ ဝါက၊ လာ၍ကြည့်လော့ဟုဆိုသည်ကို ငါကြား၏။ ၄ – ထိုအခါ မြင်းနီတစီးထွက်၍ စီးသောသူသည် ငြိမ်ဝပ်ခြင်း (ငြိမ်းခြမ်းရေး)ကို မြေကြီးက ရုပ်သိမ်းခြင်းငှာ၎င်း၊ မြေကြီးသားတို့ကို အချင်းချင်း အသေသတ်စေခြင်းငှာ၎င်း အခွင့်ရ(အာဏာကိုပေးထား)၏။ သူ့၌ ဓါးကြီးကို ပေးတော်မူ၏။ ၅ – တတိယတံဆိပ်ကိုဖွင့်သောအခါ၊ တတိယသတ္တဝါက လာ၍ကြည့်လော့ဟုဆိုသည်ကို ငါကြား၏။ ထိုအခါ ငါ ကြည့်လျှင် မြင်းနက်တစီးရှိ၏။ မြင်းစီးသောသူသည် ချိန်ခွင်ကိုကိုင်၏။ ၆ – သတ္တဝါလေးပါးအလယ်၌ ပြောသံဟူမူကား၊ ဒေနာရိတ ပြားနှင့်ဂျုံဆန်တခွက်ကိုရ၏(ဘာလီသုံးခွက်ကိုတပြားနှင့်ရ၏)။ ဆီနှင့်စပျစ်ရည်ကို မပျက်စေနှင့်ဟု ဆိုသည်ကို ငါကြား၏။ ၇ – စတု တ္ထတံဆိပ်ကို ဖွင့်သောအခါ စတုတ္ထသတ္တဝါက လာ၍ကြည့်လော့ဟု ဆိုသည်ကို ငါကြား၏။ ၈ – ထိုအခါ ငါကြည့်လျှင် မြင်းမွဲတစီးရှိ၏။ မြင်းစီးသောသူသည် မရဏာ(သေခြင်း) ဟူသောအမည်ရှိ၏။ မရဏာနိုင်ငံ(ငရဲ)သည် ထိုသူနောက်သို့ လိုက်လေ၏။ သူသည် မြေကြီးလေး စိတ်တစိတ်ကို အစိုးရ၍ ဓါးဘေး၊ မွတ်သိပ်ခြင်းဘေး၊ နာ၍သေဘေး(သေခြင်းဖြင့်)၊ မြေသားရဲဘေးအားဖြင့် သတ်ပိုင်သော အခွင့်ကို ရ၏။

မြင်းစီးသမားလေးဦး၊ အပိုင်း (၃)

၁။ ကျွန်တော်တို့ မြင်းစီးသမားလေးဦးနှင့်၄င်းတို့၏အဓိပ္ပါယ်များကို အတော်အတန် ပြောကြပြီး ဖြစ်သည်။ သို့သော် ၄င်းတို့၏ဆက်နွယ်မှု မည်သို့နည်းဆိုသည်ကို ဆက်မေးကြရပါဦးမည်။ ထို့အပြင် အဘယ်ကြောင့် ကမ္ဘာပေါ်ရှိ မိမိတို့ပြေးရာလမ်းကြောင်းများအတိုင်း တသမတ်တည်းပြေးနေကြရပါသနည်း? အထူးသဖြင့် နောက်မှထွက်လာသောမြင်းသုံးစီးက ပထမမြင်း၏နောက်သို့ အဘယ်ကြောင့်လိုက်ကြရပါသနည်း? နောက် တနည်းဖြင့် ပြောရမည်ဆိုလျှင် သခင်ခရစ်တော်၏အမှုတော်မြတ်နှင့် စစ်ပွဲများ၊ လူမှုရေးမညီမျှမှု ပြဿနာ များ၊ သေခြင်းတရားတို့သည် မည်ကဲ့သို့ ဆက်နွယ်နေကြပါသနည်း?

၂။ စစ်ပွဲများနှင့် သခင်ခရစ်တော်၏အမှုတော်မြတ်တို့ကို ယှဉ်တွဲလေ့လာခြင်း။ ဒုတိကမြင်းနှင်စီးသူက ဤ လောကသို့ ဘုရားသခင်ပို့လိုက်သော စစ်ပွဲများကို ပုံဆောင်ပါသည်။ ၄င်းက ပထမမြင်းဖြူကြီးနှင့်စီးသူ နောက်မှ လိုက်ပါသည်၊ ထို့ကြောင့် မြင်းဖြူကြီး၏အမှုကို ဆောင်ရမည်ကဲ့သို့ဖြစ်သည်။ ထို့ကြောင့် ကျမ်းစာ အရ သခင်ခရစ်တော်၏အမှုတော်မြတ်နှင့် စစ်ပွဲတို့၏ဆက်စပ်မှုတို့သည် မည်သို့ဖြစ်သနည်း?

ကျမ်းစာအရ ကမ္ဘာပေါ်တွင် ဖြစ်သမျှစစ်ပွဲတို့သည်၊ ကြီးကျယ်လှသောစစ်ပွဲဖြစ်သည့် သခင်ခရစ်တော်နှင့် အန္တိခရစ်တို့တိုက်ကြသည့် တခုတည်းသောစစ်ပွဲကြီးကို အနည်းနှင့်အများ တိုက်ရိုက် ဆက်နွယ်နေပါသည် (ဒံယေလ ၇၊ ၈)။ ဤအချက်တို့ကို အမြဲမှတ်ရမည်၊ (၁) လူသားကို ကမ္ဘာကြီးတခုလုံးအား အုပ်ချုပ်/စိုးသူ ဖြစ်ရန် ဖန်ဆင်းထားသည်။ (၂) အပြစ်ထဲသို့ ကျဆုံးပြီးနောက် လူသားသည် ဘုရားသခင်၏ရန်သူ၊ နတ်ဆိုး ၏အစေခံကျွန် ဖြစ်လာသည်၊ ယနေ့တိုင်အောင် ထိုအာသာဆန္ဒသည် လူထဲတွင် ပြင်းထန်စွာ ရှိနေသေး သည်။ (၃) ဗာဗုလုန်ရဲတိုက်ကြီး တည်ဆောက်ခြင်းတွင်၊ လူသား၏ ထိုအာသာဆန္ဒပြည့်စုံရန် အစောဆုံးကြိုး ပမ်းမှုကို တွေ့ရသည်။ သို့သော် ဘုရားသခင်က လူသားမျိုးနွယ်တို့ကို တိုင်းနိုင်ငံများအဖြစ်သို့ ကွဲပြားစေ လျှက်၊ တကမ္ဘာလုံးသို့ ခွဲဖြန့်ပစ်လိုက်သည် (ယနေ့ထိ အမျိုးသားရေးစိတ်ပြင်းထန်နေကြခြင်းကို ကြည့်ပါ)။ (၄) ရလဒ်မှာ နိုင်ငံတိုင်းက တကမ္ဘာလုံးကိုအုပ်စိုးနိုင်ရန် အပြင်းအထန်ရုန်းကန်နေကြသည်မှာ ယနေ့ထိ။ (၅) သို့သော် ဘုရားသခင်က သူ၏ရှင်ဘုရင်ကို အရာခပ်သိမ်းအား အုပ်စိုးရန် ခန့်အပ်ပြီးဖြစ်သည်၊ ထိုဘုရင် သည် သခင်ခရစ်တော်ဖြစ်သည်။ (၆) ထို့ကြောင့် ကမ္ဘာကြီးက ကမ္ဘာ့–အင်ပါယာတခုကို တည်ဆောက်ရန် ကြိုးစားသမျှသည် ခရစ်ယာန်ဆန့်ကျင်ရေးပုံသဏ္ဍာန် အမြဲတမ်းဖြစ်နေရခြင်းဖြစ်သည်။ ထိုအင်ပါယာတည် ဆောက်ရန် ကြိုးပမ်းမှုမှန်သမျှ၏ အဆုံးစွန်ရည်ရွယ်ချက်မှာ တကမ္ဘာလုံးကို စိုးမိုးထိန်းချုပ်ခြင်း၊ သို့သော် ခရစ်တော်ကို မပါစေခြင်းဖြစ်ပါသည်။ ထို့ကြောင့် ကျမ်းစာတွင် စစ်ပွဲရှိသမျှတို့သည် အန္တိခရစ်ပေါ်လာခြင်း ဖြင့် အထွဋ်အထိပ်ရောက်မည်ဟုသာ ပေါ်ပြလေ့ရှိရခြင်းဖြစ်သည်။

ကျမ်းစာအရ ထိုခရစ်ယာန်ဆန့်ကျင်သော ကမ္ဘာ့တန်ခိုးကြီးနိုင်ငံတော်(တကမ္ဘာလုံးကိုချုပ်ကိုင်သောအင်ပါယာ)သည်၊ အဆုံးသတ်တွင် လျှင်မြန်စွာ တည်ထောင်ပြည့်စုံမည်ဖြစ်သည်။ ထိုသို့ အန္တိခရစ်အုပ်ချုပ်ချိန်တွင် ကမ္ဘာပေါ်၌ အသင်းတော်အတွက် နေရာမရှိစေရ (ဗျာ ၁၃း၁၅–၁၇)။ ထို့ကြောင့် အန္တိခရစ်သည် ဘုရားသခင်သတ်မှတ်သောအချိန်ရောက်မှ ပေါ်လာမည် (၂သက် ၂း၆)။ စစ်ဆိုသည်မှာ ထိုခရစ်ယာန်ဆန့်ကျင်သောကမ္ဘာလုံးဆိုင်ရာ နိုင်ငံတော် အချိန်မတိုင်ဘဲ ပေါ်မလာရလေအောင်၊ ဘုရားသခင်က တားဆီးပုံတားဆီးနည်းတခု ဖြစ်ပါသည်။ ကမ္ဘာကြီးသည် မိမိတို့၏အမျိုးသားရေးအတွက် ရှုန်းကန်တိုက်ခိုက်နေချိန်၊ စစ်ပွဲများ ဆင်နွှဲနေကြသ၍၊ အန္တိခရစ် ပေါ်မလာနိုင်သေးပါ။ ထို့ကြောင့် မြင်းနီက မြင်းဖြူကြီးနောက်မှ လိုက်ရခြင်းဖြစ်သည်။

၃။ လူမှုရေးအဆင့်မညီမျှမှုနှင့် သခင်ခရစ်တော်၏အမှုတော်မြတ်တို့ကို ယှဉ်တွဲလေ့လာခြင်း။ တတိယမြင်းနှင့်မြင်းစီးသူ(မြင်းနက်)က ဆင်းရဲသူလူများစုကြီးနှင့်၊ ချမ်းသာသူလူနည်းစုတို့၏ ပြတ်သားစွာ ကွားခြားနေမှုကို ပုံဆောင်ပါသည်။ ထိုမြင်းနက်က မြင်းဖြူ မြင်းနီတို့နောက်မှာ လိုက်လာပါသည်။ တတိယမြင်းနှင့် ဒုတိယမြင်းတို့ မည်သည့်ဆက်နွယ်မှု ရှိပါသနည်း? တတိယမြင်းနှင့် ပထမမြင်းတို့ကြား မည်သည့်ဆက်နွယ်မှု ရှိပါသနည်း?
မျက်မှောက်ကမ္ဘာကြီး၏အခြေအနေကိုယ်၌က မြင်းနက်၏သဘောသဘာဝသည် နေ့တိုင်းမှန်နေကြောင်း ပြောနေပါသည်။ ကမ္ဘာပေါ်တွင် ချမ်းသာသူများသည် အမြဲတမ်း လက်ချိုးရေတွက်၍ရသော လူနည်းစုဖြစ်သည်။ လူများစုကြီးမှာ တနေ့စာအတွက် ရှုန်းကန်ကြရသော ဆင်းရဲသူများဖြစ်နေကြသည်။ လူများစုကြီး အလုပ်အကိုင် မရှိကြသည်နှင့် "အပြောင်းအလဲ"တမျိုးမျိုးဖြစ်ဖို့ လိုအပ်လာပါသည်။
ထိုအခြေအနေသည် မည်သို့သောလူမှုစီးပွားရေးစနစ်အောက်တွင်မဆို ဖြစ်နေပါသည် – ကျွန်စနစ်၊ ကံကြွေးချစနစ်၊ အရင်းရှင်စနစ်၊ ကွန်မြူနစ်စနစ် – အားလုံးတွင်ဖြစ်သည်။ ထိုလူမှုဘဝ ကွာဟခြင်းကို ဘုရားသခင်ကဖြစ်ပေါ်နေစေခြင်းဖြစ်ကြောင်း သိခဲ့ကြပြီးဖြစ်သည်။ ဘုရားသခင်က ထိုအဖြစ်ကိုပြုလုပ်သောအခါ၊ ကြားခံတခုခုကို သုံးလေ့ရှိသည်။ တခါတရံ လူသားတို့ထံ ခြားနားကွာခြားသော အတတ်ပညာ၊ အသိပညာ၊ စွမ်းအားအစွမ်းသတ္တိ၊ နည်းလမ်းများကိုအသုံးပြုနိုင်ခြင်း တို့ကို ပေးတော်မူခြင်းဖြင့် ဖြစ်လာစေသည်။ အခြားတဖက်တွင် လူတိုင်း၏နှလုံးသားများတွင်ရှိသော အပြစ်နှင့်ပြည့်ဝသည့် လောဘစိတ်ကို အသုံးပြုလျှက်ဖြစ်စေသည်။ ရလဒ်မှာ အတွင်းကျိတ် ပြိုင်ဆိုင်ကြခြင်း၊ သပိတ်မှောက်ကြခြင်း၊ စီးပွားရေးပိတ်စို့ခြင်း၊ တော်လှန်ရေးဆင်နွှဲကြခြင်းတို့ ဖြစ်ပါသည်။ တခါတရံ စစ်ပွဲများဆင်နွှဲ၍ဖြေရှင်းကြသည်၊ စစ်ပွဲတို့(မြင်းနီ၏)နောက်တွင် စီးပွားပျက်ကပ်တို့၊ စီးပွားရေးကြပ်တည်းခြင်း(မြင်းနက်)တို့ လိုက်ပါလာလေ့ရှိပါသည်။
ထို့ကြောင့် တတိယမြင်းစီးသူကလည်း ခရစ်ယာန်တို့ကိုဆန့်ကျင်သည့် ကမ္ဘာ့နိုင်ငံတော်ကြီး အချိန်မတိုင်ခင် ပေါ်မလာရလေအောင် တားဆီးပေးပါသည်။ (ဗျာ ၁၃း၁၇)

၃။ သေခြင်းနှင့်သခင်ခရစ်တော်၏အမှုတော်မြတ်ကို ယှဉ်တွဲလေ့လာခြင်း။ စတုတ္ထမြင်းသည် သေခြင်းဖြစ်သည်၊ ကိုယ်ခန္ဓာသေဆုံးခြင်းကိုရည်ညွှန်းသည်၊ ပုံမှန်လူ့ကမ္ဘာကြီးတွင်သေဆုံးနေကြသည့်စံချိန်ကို ပြောပါသည်(လေးပုံတပုံဆိုသည့် နံပတ်က ပုံမှန်နေ့စဉ်သေဆုံးနေသော အတိုင်းအတာ ဖြစ်သည်)။ ထိုနောက်ဆုံးသောမြင်းစီးသူ၏ အကျိုးသက်ရောက်မှုကို သေချာပြောပြပါသည်။ ၄င်းကလည်း ထို "အပြစ်၏လူသား"အန္တိခရစ်နိုင်ငံတော် အချိန်မတိုင်ခင် ပေါ်မလာရလေအောင် ကာကွယ်ပေးပါသည်။
အဘယ်ကြောင့်ဆိုသော် သေခြင်းက လူတိုင်းကို လုပ်ကိုင်နိုင်သောအချိန် ကန့်သတ်ပေးပါသည်။ သေခြင်း က တကမ္ဘာလုံး နေစရာမရှိအောင် ပြည့်မလာရန် ဆောင်ရွက်ပေးပါသည်။ သေခြင်းက လူတဦးကို သူလုပ်ဆောင်ရမည်ဟု ဘုရားသခင်သတ်မှတ်ပေးခြင်း ပြည့်စုံသည်ဆိုသည်နှင့် လောကကြီးမှ ပျောက်ကွယ်သွားစေပါသည်။ ဥပမာ – အလက်ဇန်းဒါး၊ ဆီဇာဘုရင်များ၊ နပိုလီယန်၊ ဟစ်တလာ၊ စသည်တို့ကဲ့သို့သော အာဏာရှင်များအားလုံး၊ အချိန်တန်သော် သေခြင်းက သူတို့ကို ပျောက်သွားစေပါသည်။ ထို့အတူ အသင်းတော်တွင်

လည်း မှားယွင်းစွာသင်သူများကို သေခြင်းကပျောက်ကွယ်သွားစေပါသည်(တရားသူကြီး ၂း၈၊၁၀)။ ထို့အတူ
သေခြင်းက ရွေးကောက်ခြင်းခံရသူများကို အောင်ပွဲဝင်ပြီး အသင်းတော်သို့ စုစည်းသွားစေပါသည်။

++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++

ဟေဗြဲ ၂း၁၁–၁၈

၁၁ – သန့်ရှင်းစေသူနှင့် သန့်ရှင်းခြင်းကို ခံရသူတို့သည် တစ် ဖြစ်ကြ၏၊ ထို့ကြောင့် သူသည် သူတို့ကို
ညီအကိုတို့ဟု ခေါ်ရန် မရှက်ပါ။ ၁၂ – ငါသည် ငါ့ညီအကိုတို့ထံတွင် ကိုယ်တော့်နာမည်ကို ကြေညာပါမည်၊
အသင်းတော်အလယ် တွင် ကိုယ်တော့်ကို ချီးမွမ်းမည်ဟု ပြော၏။ ၁၃ – ထို့နောက် သူ့ထံတွင်
ငါကိုးစားမည်ဟု ဆက်ပြောသည်။ နောက် တခါ၊ ငါနှင့် ဘုရားသခင်ကငါ့ကိုပေးသော ကလေးတို့သည်
ရှိကြသည်ဟု ဆက်ပြော၏။ ၁၄ – ထိုကလေးတို့သည် အသွေးနှင့်အသားကို ပါဝင်ဆက်ဆံကြသူများ
ဖြစ်ကြသလောက်၊ သူသည်လည်း အတူတူပင် ပါဝင်ဆက်ဆံပါသည်၊ သေခြင်းဖြင့်သေခြင်း ၏တန်ခိုးကို
ပိုင်ဆိုင်သူ နတ်ဆိုးအား ဖျက်ဆီးပစ်ရန်ဖြစ်သည်။ ၁၅ – ထို့နောက် မိမိတို့တဘ ဝလုံး ကျွန်ခံနေရသော
သေခြင်းကို ကြောက်ရွံ့နေရခြင်းမှ သူတို့ကို ကယ်လွှတ်ပါသည်။ ၁၆ – အဘယ်ကြောင့်ဆို သော် သူသည်
ကောင်းကင်တမန်တို့၏ ဇာတိသဘာဝကို ယူဆောင်သည်မဟုတ်၊ အာဗြဟံ၏အမျိုးကို ယူဆောင်ပါ သည်။
၁၇ – ထို့ကြောင့် အရာအားလုံးတွင် သူ၏ညီအကိုများနှင့်တူရန် လိုအပ်ပါသည်၊ ထိုသို့ဖြင့် သူသည် ဘုရား
သခင်နှင့်သက်ဆိုင်သောအရာများ၌ ဂရုဏာရှိသော၊ သစ္စာရှိသော ယဇ်ပရောဟိတ်မင်း ဖြစ်လာနိုင်ပါမည်၊
သူ့လူ များ၏ အပြစ်များကို ဖြန်ဖြေကြေအေးပေးမည် ဖြစ်ပါသည်။ ၁၈ – ထိုသို့ပြုသည့်အခါ သူကိုယ်တိုင်က
စုံစမ်းနှောက် ရှက်ခြင်းကို ခံခဲ့ရသဖြင့်၊ စုံစမ်းနှောက်ရှက်ခြင်း ခံရသူများကို ကူညီနိုင်သူဖြစ်ပါသည်။